# မတ်လနှင့် ဧပြီ အထိ ပလောင်ဒေသအတွင်းတွင် မြန်မာအစိုးရစစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေ

ရက်စွဲ - မေလ ၆ရက် ၂၀၁၃ခုနှစ်။

**အကျဉ်းချုပ်**

၂၀၁၃ခုနှစ် ပလောင်ဒေသအတွင်းတွင် မြန်မာစစ်အစိုးရတပ်၊ ရှမ်းပြည်တပ်မတော်၊ ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား မကြာခဏ တိုက်ပွဲများ ထိုးစစ်ဆင်ခဲ့ခြင်းကြောင့် ပလောင်ပြည်သူလူထုများအပေါ် အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်နေသည်ကို ပလောင်အမျိုးသမီးအစည်းအရုံးနှင့် တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးတို့မှ များစွာစိုးရိမ်ပူပန်မိသည်။

လက်ရှိနိုင်ငံရေးအခြေအနေတွင် ပြုပြင်ပြောင်းလဲမှု ခြေလှမ်းစတင် ပြုလုပ်နေကြသော်လည်း မြို့ကြီး၊ ပြကြီး အနည်းအကျဉ်း လောက်သာတွေ့ရှိရပါသည်။ ထို့သို့ အချို့သော အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့နှင့် လက်ရှိအစိုးရအကြား တွေ့ဆုံမှုပြုလုပ်ပြီး နှစ်ဖက်စစ်ပွဲရပ်တန့်ရန် ပြုလုပ်သော်လည်း ပြုပြင်ပြောင်းလဲမှုအားလုံးကို မလွှမ်းခြုံနိုင်သေးချေ။ အခြားတိုင်းရင်းသားနှင့်အတူ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးပြုလုပ်သည့်အချိန်တွင် တိုက်ပွဲ မကြာခဏဖြစ်ပွားခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်။

မြန်မာစစ်အစိုးရတပ်တို့သည် အမျိုးသမီးများကို အတင်းအဓမ္မပြုကျင့်ခြင်း၊ အသက်မပြည့်သေးသော အမျိုးသမီးများကို လမ်းပြပေါ်တာအဖြစ်ခေါ်ယူခြင်း၊ ရွာသားများကို တိုင်းရင်းသားစစ်တပ်နှင့် ဆက်သွယ်မှုရှိသည်ဟု စွပ်စွဲကာ ခေါ်ယူမေးမြန်းစစ်ဆေးမှု ပြုလုပ်သည့်အချိန်တွင် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လမ်းပြအဖြစ်ခေါ်ဆောင်သွားသည့်အခါတွင် ရွာသားများမှ မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကြုံတွေ့နေရသည်။

၂၀၁၁ခုနှစ်မှ စတင်၍ စစ်ပွဲများ စဉ်ဆက်မပြတ်တိုက်ပွဲများဖြစ်ပေါ်နေသည့်အပေါ်တွင် ရွာသူ၊ ရွာသားများသည် ဇာတိမြေသို့ စွန့်ခွာကြပြီး မန်တုန်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့ပေါ်သို့ လာရောက်ခိုလှုံကြပါသည်။ ထိုနည်းတူစွာဖြင့် ၂၀၁၃ခုနှစ်တွင် တန့်ယန်းမြို့တွင်လည်း ပြည်တွင်းဒုက္ခသည်များ ထပ်မံ တိုးလာသည်ကို တွေ့ရှိရသည်။

မြန်မာစစ်အစိုးရတပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ နှစ်ဦးသဘောတူ ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးထားသော်လည်း တိုက်ပွဲများမရပ်တန့်သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုး ကျူးလွန်လျှက်ရှိသည်။

- ၁၉-၂၀ ရက်နေ့ ဧပြီလတွင် မြန်မာစစ်အစိုးရတပ် ခလရ (၅၀၂)မှ အိမ်ထောင်သည် အမျိုးသမီး (၂)ဦးအား အတင်းအဓမ္မပြုကျင့်ခြင်း
- ၂၅ ရက် မတ်လ ၂၀၁၃ အသက်မပြည့်သေးသော အမျိုးသမီးငယ် (၃)ဦးကို ခမရ အမှတ် (၄၁)မှ လမ်းပြအဖြစ် ပေါ်တာခေါ်ဆောင်ခြင်း
- ထိုနည်းတူစွာဖြင့် ၂၆ ရက် မတ်လ ၂၀၁၃၊ မြန်မာစစ်အစိုးရတပ် ခမရ အမှတ် (၄၁)သည် တန့်ယန်းမြို့နယ်၊ ကောင်းဆိုင်းကျေးရွာမှ ရွာသားများကို လမ်းပြအဖြစ် ပေါ်တာခေါ်ဆောင်သွားရာ ရွာသားများ (၂)ဦး မိုင်းနင်းမိ၍ သေဆုံးသည့်အပြင် (၃)ဦးမှ ဒဏ်ရာရရှိသည်။
- အရပ်သားဖြင့် ပြန်သွားသော ပလောင်ရဲဘော် (၃) ဦးအား ဧပြီလ ဒုတိယအပတ်တွင် မြန်မာစစ် အစိုးရတပ် အမှတ် (၅၀၄)မှ ရက်ရက်စက်စက် ဖမ်းဆီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်း
- မြန်မာစစ်အစိုးရတပ် အမှတ် (၅၀၁)မှ တပ်စခန်းတိုးချဲ့တည်ဆောက်ရာတွင် ကျောက်မဲမြို့နယ် ခွါန်ခါကျေးရွာရှိ ရွာသူ၊ ရွာသားများကို ၁၂ ရက် ဧပြီလ ၂၀၁၃တွင် ဘုံပိုင် သစ်ပင်များယူသုံးခြင်းနှင့် အဓမ္မစေခိုင်းခြင်းများ ပြုလုပ်ခြင်း

- မြန်မာစစ်အစိုးရတပ်နှင့် တိုင်းရင်းသားတပ်များ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားမှုကြောင့် တန့်ယန်းမြို့ပေါ်သို့ ပြည်တွင်းဒုက္ခများ ၁၅၀၀ ကျော် အိုးအိမ်ကို စွန့်ခွါပြီး ထွက်ပြေးသိမ်းရှောင်လာခြင်း နှင့် ကွတ်ခိုင်မြို့တွင်လည်း ၂၀၁၃-ခုနှစ်တွင် ပြည်တွင်း စစ်ပြေးဒုက္ခသည် စုစုပေါင်း ၄၀၀၀ ကျော်ရှိခြင်း
- ဧပြီလ ၁၅ရက်နေ့တွင် မြန်မာအစိုးရ စစ်တပ်သည် ရွာသား (၅)ဦးကို TNLA နှင့် ဆက်စပ်မှုရှိသည်ဟု မယုံသင်္ကာသဖြင့် ဖမ်းဆီး ညှဉ်းပန်းနှိပ်စက် မေးမြန်းထားခြင်း
- မြန်မာစစ်တပ်များသည် ပိုင်ရှင်များ ခွင့်ပြုချက်မရဘဲ နေအိမ်သို့ ဖောက်ထွင်းပြီး အိပ်စက်အနား ယူသည့်အပြင် သူတို့ လိုအပ်သော ပစ္စည်းများကိုလည်းကို ယူဆောင်သွားခြင်း
- ၂၀၁၃ ခုနှစ် ပလောင်ဒေသအတွင်း မြန်မာအစိုးရ စစ်တပ်များ ပိုမိုတိုးချဲ့လာပြီး ထိုးစစ်ဆင်နေခြင်း

## လူ့အခွင့်အရေးချိုးဖောက်မှု တည်ရှိရာ မြေပုံ



## သတင်းအသေးစိတ် လေ့လာတွေ့ရှိချက်များ

**ခလရတပ်ရင်း ၅၈၂ စစ်သားမှ ပလောင် အမျိုးသမီးနှစ်ဦးအားအတင်းအဓမ္မပြုကျင့်**

မြန်မာစစ်အစိုးရ ခလရ (၅၈၂) တပ်ရင်းစစ်သားတဦးသည် ၁၉ရက် ဧပြီလ ညနေ ၉နာရီအချိန်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင် မန်တုံမြို့နယ် ရေပုံးကျေးရွာနေ အသက်၃၇နှစ်ရှိ မုဆိုးမ အမျိုးသမီးနေအိမ်သို့ ဂင်ရောက်လာကာ အတင်းအဓမ္မပြုကျင့်ခဲ့ပြီး တခြားသူကို သတင်းပေးပါက သတ်ပစ်မည်ဟု ခြိမ်းခြောက် ပြောဆိုခဲ့ပါသည်။ အလားတူစွာဖြင့် ဧပြီလ ၂၈ရက်နေ့တွင်လည်း လက်ဖက်ခြံတွင် လက်ဖက်ခူးနေသော အိမ်ထောင်သည် အမျိုးသမီးတဦးကို ဓါးထောက်ပြီး ခြိမ်းခြောက်ခဲ့ရာ သူမသည်အိမ်ထောင်နှင့် ကလေးရှိနေကြောင်း ငိုယိုပြောဆိုသော်လည်း မရပ်တန့်ဘဲ ဆက်လက်အတင်းအဓမ္မပြုကျင့်ခဲ့၍ သတင်းပေါက်ကြားပါက တဆွေလုံးတမျိုးလုံးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။

*"မုဒိမ်းမှုကိစ္စတော့ ခံရတဲ့သူကိုယ်တိုင်က ဖွင့်ပြောဖို့ဆိုတာ အရမ်းကို ခဲယဉ်းတဲ့အလုပ်ပါ။ ဒီလိုခံခဲ့ရတော့ ပတ်ဂန်းကျင်တွေကလည်း ခံရမှာကြောက်သလို အထူးသဖြင့် စစ်တပ်က ကျူးလွန်ထားတယ်ဆိုတော့ သူတို့ကိုယ်တိုင်က ပြန်ပြီးခြိမ်းခြောက်ထားတယ်။ ဒီမုဒိမ်းကိစ္စ တကယ်ဖြစ်တဲ့ကိစ္စပါ။ ဗမာစစ်တပ်ကလည်း တို့ရွာမှာ တပ်စခန်းလာချတော့ ဒီအကြောင်းကို လုံးဂ ပါးစပ်ထဲတောင် မဟာရဲဘူး။ ရွှေဖီချိန်လည်းဖြစ်တော့ သမီးတွေကို လက်ဖက်ခြံထဲမလွတ်ရဲတော့ဖူး။ ကိုယ့်မိန်းမတွေကိုလည်း စိုးရိမ်ရတယ်ဗျာ။ မိန်းကလေးတွေ အသက်ကြီးကြီး ငယ်ငယ် အန္တရာယ်ရှိတယ်။"* ဟု ရေပုံးရွာမှ ဒေသခံတဦးမှ ပြောပြခဲ့ပါသည်။

**ခမရ အမှတ် - ၄၁ တပ်ရင်းမှ အသက် ၁၆နှစ်အောက် အမျိုးသမီးငယ် (၃)ဦး၏ စိတ်ဆန္ဒမပါဘဲ လမ်းပြအဖြစ် ခေါ်ဆောင်သွားခြင်း**


Photo by PWO
လမ်းပြပေါ်တာအမျိုးသမီး

မြန်မာစစ်တပ်များသည် ပလောင်ရွာသူများကို အတင်းအဓမ္မပြုကျင့်မှု ပြုလုပ်သည့်အပြင် တန့်ယန်းမြို့နယ်၊ လွယ်စေးအုပ်စု၊ နမ့်မန္တတ်ကျေးရွာတွင် နေထိုင်သော အမျိုးသမီး (၃ဦး) အသက်(၁၆)နှစ်အောက် အမျိုးသမီးငယ် သုံးဦးတို့အား ခမရ အမှတ်-၄၁ တပ်ရင်းမှ တပ်သား အယောက် (၃၀)တို့သည် ကောင်းဆိုင်းရွာမှ ဟွေပူရွာသို့ ၂၅ရက်နေ့ မတ်လ ၂၀၁၃ ခုနှစ်တွင် အမျိုးသမီး (၃)ဦး၏ ဆန္ဒမပါဘဲ လမ်းပြအဖြစ်ခေါ်သွားရာတွင် တောထဲသို့ မဆင်းသွားရဲသည့် အတွက်ကြောင့် သူမတို့ (၃)ဦးအား ရေသောက်ရန်အတွက် ခပ်ခိုင်းနေသည်ဟု ဆိုပါသည်။

လမ်းပြအဖြစ်ပေါ်တာခေါ်သွားသော အမျိုးသမီးတဦး - "*ကျမတို့ကို စစ်သား အယောက်(၃၀)ဂန်းကျင်လောက် ညနေပိုင်း ၅နာရီအချိန်လောက် အိမ်ကိုလာခေါ်ပြီးတော့ ကျမတို့ ကောင်းဆိုင်းကနေ ဟွေ့ပူရွာအထိ လမ်းပြခိုင်းတယ်။ ကျမတို့မသွားချင်ဘူး။ သွားလည်း မသွားရဲဘူး။ စစ်သားက ကျမတို့ကို သေနတ်နဲ့ချိန်ပြီး ခြိမ်းခြောက်တော့ ကြောက်လွန်းလို့ ငိုတောင်ငိုတယ်။ ဟွေပူကို မိနစ်၄၀လောက် ခြေလျင်လျှောက်သွားရတယ်။ တောထဲမှာ တညတော့အိပ်ရတယ်။ ကျမတို့ကိုတော့ စစ်သားတွေက ဘာမှတော့*

*မလုပ်ပါဘူး။ ဒါပေမယ့် သူတို့ တောထဲလျှောက်မသွားရဲဘူးလားမသိဘူး။ ကျမတို့ကို ရေသွားခပ်တယ်။ ၂၆ရက်နေ့မနက် ၇နာရီလောက်မှ ကျမတို့ကို အိမ်ပြန်လွှတ်ခဲ့တယ်။"*

ခမရ အမှတ် - ၅၆၇ တပ်ရင်းမှ ဦးဆောင်သူ ဗိုလ်မှူးနှင့် ဖိုးချစ် အပါအဝင် တပ်သား အယောက် ၂၀ ဝန်းကျင်လောက်ရှိသော ၂၁ ရက် မတ်လ ၂၀၁၃ ခုနှစ်တွင် ဘိန်းပင်တိုက်ဖျက်ရန်အတွက် နမ့်ဆရီး ရွာသားနှစ်ဦးကို နမ့်ခမ်းမြို့နယ် နမ့်ဆရီးကျေးရွာမှ လွယ်မွန်းကျေးရွာသို့ နေ့လည် ၁၂ နာရီ ဝန်းကျင်တွင် ပစ္စည်းများ (၅)ပိဿာဆီ ထမ်းပေးရန် ပေါ်တာအဖြစ် ခေါ်ဆောင်သွားသည်။

ပေါ်တာ ဆွဲခံရသူ တစ်ဦးပြောပြချက်အရ - "စစ်သားတွေက ကျနော်တို့ရွာကို ရောက်လာပြီးတော့ ရွာသူကြီးကို ပြောပြီး ကျနော်တို့ သူငယ်ချင်းနှစ်ယောက်ကို ခေါ်သွားတယ်၊ ကျနော်တို့နှစ်ယောက်ကို ဘာမှတော့ မလုပ်ဘူး၊ ဒါပေမဲ့ နေ့လည်စာ ထမင်းတော့ မကျွေးဘူး။ ညနေစောင်းမှဘဲ ကျနော်တို့နှစ်ယောက်ကို ပြန်လွှတ်ပေးပြီး ရွာပြန်လာရတယ်၊ ကျနော်တို့ မသွားချင်ပေမယ့် သွားနေရတော့ ကျေနပ်မှုမရှိဘူး။ ပစ္စည်းသယ်ဖို့ ခရီးစရိတ်လည်း မပေးပါဘူး။ သူတို့က လွယ်မွန်းကနေတဆင့် ပန်ခါးကျေးရွာသွားဖို့ ပန်ခါးရွာမှ ပြည်သူ့စစ်ခေါင်းဆောင်က မီးသွေးတင်တဲ့ ကားဆရာ တစ်ယောက်ရဲ့ ကားကိုခေါ်ပြီးတော့ ပြန်ပို့ခိုင်းလိုက်တယ်" ဟု ပြောပြခဲ့သည်။

**ခမရ အမှတ် - ၄၁ မှ တပ်ရင်းမှ ရွာသားများကို ပေါ်တာအဖြစ်ခေါ်ဆောင်သွားပြီး ရေခပ်ခိုင်းရာမှ မြေမြှုပ်မိုင်းကို နင်းမိ၍ ရွာသား၂ဦးသေဆုံးပြီး ၃ ဦးဒဏ်ရာရရှိမှုကြောင့် ကျန်ရစ်သူမိသားစုမှ မကျေမနပ်ဖြစ်ခြင်း**



မိုင်းထိခံထားသော ရွာသား

ထိုနည်းတူစွာဖြင့် ၂၆ရက် မတ်လ တန့်ယန်းမြို့နယ်၊ ကောင်းဆိုင်းကျေးရွာတွင် နေထိုင်သော ရွာသားများအား ခမရ အမှတ် (၄၁)တပ်ရင်းမှ တပ်သားများသည် ရွာသားများကို လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားရာ စစ်တပ်အတွက်သောက် သုံးရန်အတွက် ရေခပ်ခိုင်းသည့်အချိန်တွင် မြန်မာစစ်တပ်မှ မြုပ်ထားသော မိုင်းကို နင်းမိသဖြင့် ရွာသား ၂ ဦးပွဲချင်းပြီး၍ ကျန်တစ်ဦးသည် ခြေထောက်ကိုထိခိုက်ဒဏ်ရာရရှိရာ ကျန်ရှိသော နှစ်ဦးသည် ထိခိုက်ဒဏ်ရာအနည်းအကျဉ်းသာရရှိပြီး သေဆုံး သွားသည့် မိသားစုမှ ကျေနပ်မှုမရှိကြောင်း သိရှိရသည်။

**သေဆုံးသူ၏သားဖြစ်သူမှ** " *ဗမာစစ်သားက ကျနော်တို့ကို ဖမ်းဆီးခေါ်ဆောင်သွားတယ်။ ကျနော်တို့ကို ထွက်ပြေးမှာ စိုးရိမ်ပြီး၂ယောက်တစ်တွဲလက်ကိုချီပြီးတော့ ရေသွား ခပ်ခိုင်းတယ်။ ရေသွားခပ်တဲ့အချိန်မှာ ကျတော့်အဖေနဲ့ အဖေသူငယ်ချင်း တယောက်က ရှေ့ဆုံးမှာ သွားရလို့ မိုင်းနင်းမိပြီး ဒဏ်ရာပြင်းပြင်းထန်ထန်နဲ့ပဲ ကျနော့်ရဲ့ မျက်စိရှေ့မှာ အဖေနဲ့ အဖေသူငယ်ချင်းက ချက်ချင်းဆုံးသွားတယ်။ ကျနော်အဖေနဲ့ အဖေသူငယ်ချင်းကို ကြည့်ပြီး စကားမပြောနိုင်အောင် စွန့်အပြီး တုန်လှုပ်ခြောက်ခြားခဲ့မိတယ်။ လူကလည်း ပျော့ခွေချင်သလိုပဲ။ ကျန်တဲ့ပါလာတဲ့ သူငယ်ချင်းတွေလည်း ကျနော်လိုပဲ ဖြစ်သွားကုန်တယ်* "ဟုပြောဆိုခဲ့သည်။

**တပ်ရင်း (၅၀၄)သည် T.N.L.A ခွင့်ပြန် ရဲဘော် ၃ ဦးအား သတ်ဖြတ်ခြင်း**

လမ်းပြပေါ်တာ ခေါ်ဆောင်သည့်အပြင် ခွင့်ရက်ဖြင့် ပြန်သွားသော ပလောင်ရဲဘော်များကိုလည်း သတ်ဖြတ်ထားခြင်းရှိပါသည်။ တပ်ရင်း (၅၀၄)မှ ဧပြီလ ဒုတိယပတ် နေ့လည် ၂နာရီခန့်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်သား (၃)ဦးသည် ရွှေဖီချိန်တွင် မိဘများအား သွားရောက်ကူညီပေးရန် ခွင့်ရက်ဖြင့် ပြန်သွားသော ရဲဘော် (၃ဦး)ကို နမ့်ဆန်မြို့နယ်ရှိ ဆွန်ဟင်းကျေးရွာအနီးတွင် ကြိုးတုတ်ဖမ်းဆီးခေါ်ဆောင်သွားပြီး ၎င်းရဲဘော် ၃ ဦးကို ရက်ရက်စက်စက်ဖြင့် သတ်ပစ်လိုက်သည်၊

TNLA တာဝန်ရှိသူ ဒုတပ်ရင်းမှူး တဦးမှ " *ရွှေဖီချိန်ရောက်တော့ ကျနော်တို့ရဲ့ ရဲဘော် ၃ယောက်က သူတို့ မိဘကို ကူညီဖို့အတွက်ဆိုပြီး ခွင့်တောင်းပါတယ်။ မတ်လ ၂၀ရက်နေ့ကတည်းက သူတို့ကို ခွင့်တစ်လ ပေးထားလိုက်တယ်၊ သူတို့လည်း အရပ်သားအနေနဲ့ ပြန်သွားကြပါတယ်။ ပြန်သွားတာမကြာပါဘူး။ ဗမာစစ်တပ်က ဖမ်းဆီးခံရတဲ့သတင်းကို ကြားပါတယ်၊ ကျနော်တို့ လိုက်စုံစမ်းကြည့်တော့ အသတ်ခံလိုက်ရပြီတဲ့။ ဒါနဲ့ပဲ ရဲဘော် ၃ဦး အလောင်းကို လိုက်ရှာခိုင်းတော့ အနောက်ကင်းရွာနေ မိုင်းကျော်ခိုင် အသက် ၂၀ ကျော်နှင့် ပန်စရီရွာ မိုင်းထွန်းတင် အသက်၂၀ ကျော်အလောင်းတို့ကို နမ့်ဆန်မြို့နယ် မန်ဖတ် လမ်းမကြီးရဲ့အထက်နှင့်အောက် မြုပ်ထားပြီ သူတို့ ့ကိုယ်ပေါ်မှာ ရက်ရက်စက်စက်နှိပ်ဆက်ထားတဲ့ ဒဏ်ရာများနဲ့ တွေ့ရှိခဲ့တယ်။ ဟိုနမ်းကျေးရွာ မိုင်းပန်ဆေ အလောင်းကို ကျနော်တို့ ရှာနေတုန်းပဲ ခုချိန်အထိ မတွေ့ရရှိသေး*"ဟု ပြောပြပါသည်။

**အမှတ် ၅၀၁ တပ်ရင်းများကို တပ်စခန်းတိုးချဲ့ဆောက်ရန်အတွက် ရွာဘုံပိုင် သစ်ပင်ခုတ်ခြင်းနှင့် အတင်းအဓမ္မစေခိုင်း သစ်ပင်များ သယ်ဆောင်ခိုင်းခြင်း**

မြန်မာစစ်တပ်သည် တိုင်းရင်းသားလက်နက်ကိုင်နှင့် ထိုးစစ်ဆင်ရန်အတွက် ပလောင်ဒေသအတွင်း တပ်စခန်းများ တိုးချဲ့နေကြသည်။ ၁၂ရက် ဧပြီလ ၂၀၁၃ခုနှစ်တွင်လည်း ကျောက်မဲမြို့ ခွါန်ခါကျေးရွာအတွင်းတွင် အမှတ်(၅၀၁) ခြေလျင်တပ်ရင်းသည် တပ်စခန်းကို တိုးချဲ့ရန်အတွက် ရွာသူ၊ ရွာသားများကို အတင်းအဓမ္မစေခိုင်းခြင်း၊ ရွာဘုံပိုင် သစ်ပင်များကို တပ်စခန်းအတွက် လိုအပ်သလောက် ခုတ်ခိုင်းနေသည်။

" *ဗမာစစ်တပ်က ခွါန်ခါကျေးရွာ ထိပ်မှာ တပ်စခန်းတိုးချဲ့နေတယ်။ တပ်စခန်းဆောက်ဖို့ဆိုပြီး ရွာသူ၊ ရွာ သားတွေကို စိတ်ကြိုက်ခေါ်ပြီးတော့ ၄လက်မပတ်လည်ရှိတဲ့ တပ်စခန်းမျောတိုင်ကို ခုတ်ခိုင်းတယ်၊ သယ်ခိုင်းတယ်၊ အခြားရက်တွေလည်း ကားတွေကိုလည်း ချောဆွဲတယ်။ ကားခါတ်ဆီလည်း မထည့်ဘူး။ လူကိုခိုင်းတာလဲ ထမင်းမကျွေးဘူး*"ဟု **ချောဆွဲခံရသည့် ကားသမားမှ** ပြောပြခဲ့သည်။

**မြန်မာအစိုးရ စစ်တပ်သည် ရွာသား (၅)ဦးကို TNLA တပ်နှင့်ဆက်စပ်မှုရှိဆိုပြီး ညှဥ်းပန်းနှိပ်စက်ဖမ်းဆီးထားခြင်း**

မြန်မာအစိုးရစစ်တပ် ခလရ ၁၂၃၊ ခလရ ၂၉၀ နှင့် ခမရ ၅၀၁ တို့ ပူးပေါင်းပြီး ကွတ်ခိုင်မြို့နယ် နမ့်ဖကာကျေးရွာအုပ်စု လွယ်စရမ်းရွာတွင် ဝင်ရောက်လာပြီး TNLA နှင့် ဆပ်စပ်သည်ဟု ယူဆသည့် အိမ်များကို ဝင်ရောက် စစ်ဆေးကာ အိမ်ရှင်များနှင့် ရွာသူကြီးကိုလည်း ဧပြီလ ၁၅ ရက် နံက်(၁၀)နာရီတွင် ဖမ်းဆီးထားသည်ဟု သိရှိရသည်။

" မနက်ကတည်းက ရွာသား (၅)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားတယ်။ ယခု ည ၁၀ နာရီလောက်အထိ သူတို့ကို မေးမြန်းနေဆဲပဲ။ သူတို့ကို တအာင်းစစ်တပ်တွေ ဆက်စပ်မှုရှိတယ်ဆိုပြီး ရိုက်ပြီး စစ်ဆေးမေးမြန်းတယ်။ တနေ့ကုန် လုံးကို သူတို့ တွေကို ရိုက်နက်ကြတယ်။ ခုထိလည်း မလွတ်သေးဖူး"ဟု လွယ်စရမ်းရွာသား တစ်ဦးမှ ပြောဆိုသည်။

**ခွင့်ပြုချက် မယူဘဲ ရွာသားများ၏ ပစ္စည်းများ ယူဆောင်ခြင်း**

ည(၉)နာရီတွင် အုပ်ချုပ်ခွင့်ရဒေသဖြစ်သော မန်တုံမြို့နယ် ထာတ်ကျက်ကျေး ရွာရှိ ဒေသခံအိမ်များအား အင်အား (၉၆)ယောက်ရှိသော သီပေါအခြေစိုက် စစ်ကြောင်းမှ ပိုင်ရှင်များ၏ ခွင့်ပြုချက်မရဘဲ အိမ်သော့များ ရိုက်ဖျက်ကာ ဝင်ရောက်တည်းခိုသည့် အပြင် အိမ်တွင်းပစ္စည်းများပါ ယူသွားကြောင်းသိရသည်။

"ဦးအိုက် အိမ်အောက်ထပ်တံခါးမကြီးကို စစ်သားတွေက ရိုက်ဖျက်တယ်။ အိမ်ထဲ ဂင်အိပ်တဲ့အပြင် အိမ်ရှင်တွေရဲ့ ခြေအိတ်၊ ဘွတ်ဖိနပ်၊ ပလိုင်း၊ ခမောက်တွေကအစ အကုန်ယူသွားတယ်၊ နောက်ပြီး အိမ်အောက်က ဈေးဆိုင်ကို ထပ်ဖောက်မယ်လုပ်တော့.. အိမ်ရှင်က သူတို့ဖွင့်တဲ့ ဆိုင်မဟုတ်ဘူး။ ရွာမှာစာလာသင်တဲ့ ကျောင်းဆရာမ ကဖွင့်ထားတာ ယခု သူမ ခရီးသွားနေတုန်း မလုပ်ဖို့ မနည်းတောင်းပန်လိုက်ရတယ် " ထာတ်ကျတ် ဒေသခံတစ်ဦးမှ ပြောပြခဲ့သည်။

**ပြည်တွင်းစစ်ပြေးဒုက္ခသည် ပိုမိုတိုးခြင်း**



Photo by PWO

ပလောင်ဒေသတွင် မြန်မာအစိုးရစစ်တပ်နှင့် တိုင်းရင်းသားစစ်တပ်များ မကြာခဏတိုက်ပွဲဖြစ်ပွားမှုကြောင့် မန်တုန်၊ နမ့်ခမ်းမြို့နယ်တွင် ဒုက္ခသည်ပေါင်း (၂၀၀၀) ရှိသည့်အပြင် မတ်လတွင် ရှမ်းနှင့် မြန်မာအစိုးရတပ်တို့ စစ်ပွဲကြောင့် တန့်ယန်းမြို့သို့ လက်ရှိ ထွက်ပြေးတိမ်ရှောင်နေသော ပြည်တွင်းဒုက္ခသည် ၁၅၀၀ ဦးခန့်ရှိသည်။ ထို့အပြင် ကွတ်ခိုင်မြို့တွင်လည်း ၂၀၁၃ အစပိုင်းကတည်းက ပြည်တွင်းဒုက္ခသည်ဦးရေ ၂၀၀၀ ကျော်သည် နေရပ်သို့ မပြန်နိုင်သေးဘဲ ကွတ်ခိုင်မြို့တွင်သာ သောင်တင်နေရသည်။

**ပလောင်ဒေသအတွင်းတွင် မြန်မာအစိုးရစစ်တပ်များ**

တိုက်ပွဲများသည် ခန့်မှန်းချေ မြန်မာအစိုးရစစ်တပ်နှင့် ဇန်နဂါရီလမှ ဧပြီလအထိ တအာင်းဒေသအတွင်း မြန်မာတပ်နှင့် TNLA, KIA, SSA တို့တိုက်ပွဲကြီးငယ် မှာ ၃၃ ပွဲရှိပါသည်။ တအာင်းဒေသအတွင်းရှိ မြန်မာတပ် နမ့်ခမ်း - ခလရ ၁၄၄၊

နမ့်ဖတ်ကာ - ခလရ ၁၂၃၊ ကွတ်ခိုင် - ခလရ ၄၅၊ ၂၄၁၊ ၂၄၂၊ ၂၉၀၊ သိန္နီ- ခလရ ၆၉၊ ၃၂၃၊ လားရှိုး- ခလရ ၄၁၊ ၆၈၊ ခမရ ၅၀၇၊ ၅၂၂၊ နမ္မတူ ခလရ ၃၂၄၊ မန်တုံ ခလရ ၁၃၀၊ သီပေါ ခမရ ၅၀၃ ၊ ၅၀၄၊ ခလရ ၂၃၊ ကျောက်မဲ ခမရ ၅၀၁၊ ၅၀၂၊ နောင်ချို ခမရ ၁၁၄၊ ၁၁၅ ခန့်မှန်းချေအင်အားစုစုပေါင်း ၄၀၀၀ ကျော်ရှိသည်။ ထိုတပ်နှင့်အတူ အခြား (၉၉)တပ်မလည်း ပါပါသည်။ မြန်မာစစ်တပ်များလာသည့်အမျှ ပလောင်ပြည်သူလူထုနှင့်အတူ တခြားသော တိုင်းရင်းသားလူမျိုးများ၏ ဘဝလုံခြုံရေးကို စိုးရိမ်မကင်းဖြစ်မိပါသည်။

## နိဂုံးချုပ်နှင့် အကြံပြုချက်များ

လက်ရှိဦးသိန်းစိန်အစိုးရ ဦးဆောင်သောကာလကို ခြုံငုံသုံးသပ်ရလျှင် မြန်မာအစိုးရ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ တွေ့ဆုံဆွေးနွေးမှုနှင့် နစ်ဖက်သဘောတူ လက်မှတ်ထိုးခဲ့သော်လည်း အောက်ခြေ အဆင့်တွင် တိုက်ပွဲများ ရပ်တန့်သွားခြင်းမရှိဘဲ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ဆက်လက် ကျူးလွန်နေကို လက်တွေ့ မြင်နေရပါသည်။ ဤတွေ့ဆုံပွဲသည် နိုင်ငံတကာ မျက်နှာပန်းလှအောင် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်နေသည်ဟု ကြွေးကျော်နေခြင်းသည် ၂၀၁၄ခုနှစ်တွင် အာဆီယံ ဥက္ကဌဖြစ်ရန်နှင့် ၂၀၁၅ခုနှစ်တွင် ရွေးကောက်ပွဲအတွက် ပြင်ဆင်နေခြင်းအတွက်သာ သုံးသပ်မိပါသည်။

မြန်မာစစ်အစိုးရတပ်များရှိနေခြင်းကြောင့် ပလောင်အမျိုးသမီးများ၏ ဘဝလုံခြုံမှုများထိခိုက်စေပြီး နောက်ထပ် အကြမ်းဖက်မှုများ ထပ်မံဖြစ်ပေါ်လာမည်ကို အလွန်စိုးရိမ်မိပါသည်။ ယခုလက်ရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု များကို လုံးဝရပ်တန့်ရန် လက်ရှိဦးသိန်းစိန်အစိုးရမှ တာဝန်ယူဆောင်ရွက်ပေးရန် အောက်ပါအချက်များကို တောင်းဆို လိုက်ပါသည်။

### လက်ရှိ ဦးသိန်းစိန်ဦးဆောင်သော အစိုးရ

၁)တိုင်းရင်းသားဒေသရှိ အစိုးရတပ်ရင်းများတိုးချဲ့ထားခြင်းကို ရပ်တန့်ပြီး ကျန်ရှိနေသော တပ်ရင်းများအား ပြန်လည်ရုပ်သိမ်းရန်နှင့် ပြည်တွင်း စစ်ပွဲများ ချက်ချင်းရပ်တန့်ပေးရန်။

၂) မြန်မာစစ်အစိုးရတပ်မှ အမျိုးသမီးများ အတင်းအဓမ္မပြုကျင့်မှုနှင့်အခြားသော ဆိုးဝါးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သော ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရွာသားများအား ပေါ်တာအဖြစ် အသုံးပြုခြင်း၊ သတ်ဖြတ်ခြင်း စသည့်တို့ကို ရပ်တန့်ပေးရန်၊

၃)မြန်မာအစိုးရတပ်မှ အမျိုးသမီးများ အတင်းအဓမ္မပြုကျင့်မှုနှင့်အခြားသော လူ့အခွင့်အရေးချိုး ဖောက်မှုများကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် (MNHRC) မှ အရေးယူစုံ စမ်းစစ်ဆေးပေးရန်။

၄)မြန်မာအစိုးရတပ်မှ အမျိုးသမီးများ အတင်းအဓမ္မပြုကျင့်မှုနှင့်အခြားသော လူ့အခွင့်အရေးချိုး ဖောက်မှုများနှင့် ပတ်သက်၍ ကျူးလွန်ခံရသော နစ်နာသူများအား အမှန်တရားပေါ်ပေါက်စေရန် စုံစမ်းစစ်ပေး တာဝန်ယူ ဖြေရှင်းပေးရန်။

၅) အစိုးရမှ ပြည်တွင်းဒုက္ခသည်များ မိမိတို့နေရပ်သို့ လုံခြုံစိတ်ချစွာ ပြန်သွားနိုင်ရန်အတွက် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား မိမိတို့ဒေသရှိ ဒုက္ခသည်စခန်းကို လွတ်လွတ်လပ်လပ်လေ့လာ သုံးသပ်ပြီးကူညီပေးရန်။

### ပလောင်အမျိုးသမီးအစည်းအရုံးနှင့် တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး
### တအာင်း (ပလောင်) လုပ်ငန်းအဖွဲ့